www.burmeseclassic.com



ခံနိုင်ခဲ့လျှင် ဆုငွေ ၁၀၀ ကျပ်ပေးမည်ဟု ကြော်ငြာထားလေသည်။ မောင်တင်မြင့်မှာ ကျောင်းနေစဉ်အခါက ပထမတန်း လက်ဝှေ့သမားတစ်ယောက်ဖြစ်၍ မထိုးမသတ်ရသည်မှာ ကြာပြီဖြစ်သော်လည်း မြန်မာပြည်တွင် ထိုကဲ့သို့ ဝင့်ဝါစွာ ဟိတ်ဟန်ကြီးနှင့် ကြော်ငြာပါလျက် မြန်မာများအနက်မှ တစ်ဦးတစ်ယောက်မျှ မထွက်ပေါ်ဘဲ နေရမည်ကို တစ်မျိုးလုံးအတွက် ရှက်လှသည်တစ်ကြောင်း၊ မခံချင်သည်က တစ်ကြောင်းကြောင့် ပသျှူးလက်ဝှေ့သမားနှင့် ထိုးသတ်ရန် ထွက်လာလေ၏။ မောင်တင်မြင့်သည် ထိုပသျှူးနှင့်သတ်ရာတွင် မရှုံ့အောင် နာသည်မှန်သော်လည်း အသည်းလည်းကောင်း၊ သတ္တိလည်းကောင်း အကယ်စင်စစ်လည်း ကျင်လည်သူတစ်ယောက် ဖြစ်ရကား၊ သုံးချီ သတ်ပုတ်ပြီးသော်လည်း မလဲဘဲ ရှိနေသည် ဖြစ်သောကြောင့် ဆုငွေ ၁၀၀ ကျပ်ကို ရခဲ့ဖူးလေသည်။ မန်နေဂျာသည် ထိုသူ၏အစွမ်းကို အားရနှစ်သက်လှသည် ဖြစ်သောကြောင့် လက်ဝှေ့သမားအဖြစ်နှင့် အသက်မွေးလိုပါက တစ်လလျှင် ၅၀၀ ကျပ်မျှပေးရန် တာဝန်ခံသော်လည်း မောင်တင်မြင့်က ငြင်းပယ်ခဲ့လေသည်။

မောင်တင်မြင့် ဝင်လာသောအခါ၌ ပျော်ပွဲရုံအတွင်း လက်ဖက်ရည်သောက်နေသူများသည် သူ့





ထက်ငါ ဖိတ်ခေါ်ကြလေရာ မောင်တင်မြင့်သည် တစ်ခုသော ကုလားထိုင်၌ ညောင်းညာသော အမူအရာနှင့် ထိုင်လေ၏။

တစ်ယောက်။ ။'ကိုတင်မြင့် မန္တလေးက ဘယ်တုန်းက ပြန်ရောက်သလဲ'

အခြားတစ်ယောက်။ ။'ခင်ဗျားမျက်နှာ တယ်ညှိုးပါကလားဗျို့၊ ဘာများ ဖြစ်လာသလဲ'

အခြားတစ်ယောက်။ ။'တောင်ပြိုးပွဲတွေ မြာတွေ တော်တော် နှိပ်ခဲ့ရလားဗျို့'

စသည်ဖြင့် တစ်ယောက်တစ်ခွန်း နှုတ်ဆက်မေးမြန်းကြလေ၏။

မြင့်။ ။'ခင်ဗျားတို့ ဘာအကြောင်းများ ပြောနေကြသလဲ'

တစ်ယောက်။ ။'ကျုပ်တို့ မပြောရပေါင်ဗျာ၊ ဟောဒီက ကိုသန်းညွှန့်ကချည်း ကန်ထရိုက်ခံ ပြောနေတာပါပဲ၊ သူပြောပုံတော့ သူများအိမ်ကို ဖောက်ပြီး ဝင်နိုင်တဲ့လူဟာ တကယ့် လူစွမ်းကောင်းကြီးတစ်ယောက် ဖြစ်နေပြီကော ...'

မြင့်။ ။'အိမ်ဖောက်ဝင်တာ ဘာခက်လို့လဲဗျ၊ ခြေနဲ့ လက်နဲ့ရှိလျှင် ဝင်နိုင်တာပဲ'

ညွှန့်။ ။'ပြောတော့ လွယ်တယ် ဆရာ၊ လုပ်တော့မှ ခက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



မြင့်။ ။'ကျုပ် ဖောက်ဝင်မယ်၊ခင်ဗျား ဘာ လောင်းမလဲ'

ညွန့်။ ။'ခင်ဗျား လူပုံနဲ့လား'

တစ်ယောက်။ ။'လူပုံတွေ ဘာတွေ လုပ်မနေပါနဲ့ လေ၊ သူက လောင်းမယ်ဆို ခင်ဗျားက လောင်းဝံ့ရဲ့ လား'

ညွန့်။ ။'လောင်းဝံ့ပါတယ်ဗျာ'

မြင့်။ ။'ဘာလောင်းမလဲ'

ညွန့်။ ။'ခင်ဗျား လောင်းချင်တာလောင်း'

တစ်ယောက်။ ။'ကိုင်း... ဒီလိုလုပ်၊ ဒီကနေ့ည တိုက်တစ်တိုက်တိုက်ကို ကိုတင်မြင့် ဖောက်ဝင် ရမယ်၊ ရှုံးတဲ့လူက အစုရှိတဲ့ ကျုပ်တို့လူငါးယောက် ကို ကွန်တီနင်တယ်ဟိုတယ်မှာ ညစာ ထမင်းကျွေး ရမယ်'

မြင့်။ ။'စိန်လိုက်ဗျာ'

ညွန့်။ ။'ခင်ဗျား ရှုံးသွားမယ်ဗျ၊ မလုပ်နဲ့'

တစ်ယောက်။ ။'ခင်ဗျားအပူ မဟုတ်ပါဘူး၊ သူရှုံးလျှင် သူက ကျွေးလိမ့်မပေါ့၊ ခင်ဗျားက မလောင်းရဲ ဘူး လား'

ညွန့်။ ။'စိန်ပါတယ်ဗျာ၊ လောင်းလိုက်ပါ'

၎င်းနောက် သူငယ်ချင်းများသည် အခြား စကားများကို ပြောဆိုကြပြီးနောက် ခွဲခါနီး၌ မောင်





တင်မြင့်အား လောင်းထားသည့်အကြောင်းကို သတိ ပေးကြရာတွင်.....

တစ်ယောက်။ ။'ခင်ဗျား ဖောက်ကြောင်း သက်သေခံ ဘယ်လိုပြမလဲ'

မြင့်။ ။'ကျုပ်ဖောက်တဲ့ တိုက်တံခါးမှာ အတွင်းက ကျုပ်နာမည် **T.M** လို့ အတိုကောက် ရေးထားခဲ့မယ်ဗျာ'

ညွန့်။ ။'ကြိုက်ပြီ... စိန်လိုက်'

၎င်းနောက် သူငယ်ချင်းများသည် ပျော်ပွဲရုံမှ ထွက်လာကြ၍ လူစုခွဲသွားကြလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃ ]

ရာဇဝတ်ဝန် ဦးသိန်းဟန်သည် ဆင်းရဲ နွမ်းပါးသော မိဘများမှ ဆင်းသက် ပေါက်ဖွားခဲ့၍ ခုနစ်တန်း မျှသော ပညာကို အနိုင်နိုင် သင်ကြားပြီးနောက် ဆပ်ကျောင်းသို့ တက်ခဲ့ရသူဖြစ်ရာ ကုတ်ကုတ်ပတ် ပတ်နှင့် အနွံအနာခံ၍ အမှုထမ်းရွက်ခဲ့သည့်ပြင် အကပ်အရပ်လည်း ကောင်းသူတစ်ယောက် ဖြစ်လေ ရကား၊ ပင်စင်ယူရမည့် အသက်တမ်းသို့ ရောက် သောအခါ၌ ရာဇဝတ်ဝန်ကြီးဘဝသို့တိုင် ရောက် ခဲ့လေပြီ။

အချို့သော ပုလိပ်အရာရှိကြီးများသည် လက် အောက်ငယ်သားများကို အဆင့်အတန်း တိုးမြှင့် ပေးရာ၌ လာဘ်ယူလေ့ရှိကြလေရာ ဆပ်အင်စပိတ် တော်အဖြစ်မှ အင်စပိတ်တော် ဖြစ်လိုသောအခါတွင် ငွေ ၁၀၀၀ ကျပ်မျှလည်းကောင်း၊ ရာဇဝတ်ဝန်





ကလေး ဖြစ်လိုသောအခါ၌ ငွေ ၅၀၀၀ ကျပ်မျှ လည်းကောင်း၊ ဝန်ကြီးဖြစ်လိုသောအခါ၌ ၁၀၀၀၀ ကျပ်မျှလည်းကောင်း လက်သိပ်ထိုး ပေးခဲ့ရလေ သည်။

ဦးသိန်းဟန်မှာ ကြီးပွားလိုသောစိတ် အထူး အားကြီးသူတစ်ယောက် ဖြစ်ရကား၊ အခွင့်အရေး ပေါ်လာသောအခါ၌ ဆော်ိုးနိုင်စေရန် ကုတ်ကုတ် ပတ်ပတ်နှင့် စုဆောင်း၍ လောဘကြီးသော အထက် အရာရှိကြီးများ ပေါ်လာသည့်အခါတိုင်း ဦးသိန်း ဟန်မှာ ကော်ပေါက်တွေ့၍ မိမိထက် ဝါရင့်သော အခြားအရာရှိများကိုပင် တစ်ဆင့်မှ တစ်ဆင့် ကျော် တက်နိုင်ခဲ့လေသည်။

ဦးသိန်းဟန်၏ တွက်ကိန်းမှာ ရာဇဝတ်ဝန် ကလေးဖြစ်ရန်အတွက် ငွေ ၅၀၀၀ ကျပ် ပေးရခြင်း မှာ များပြားလှသည် မဟုတ်။ အကြောင်းကိုဆိုသော် ရာဇဝတ်ဝန်ကလေးဖြစ်သူ တစ်ယောက်သည် ဤမျှ လောက်ငွေကို လခဖြင့် စုဆောင်းရန် ခဲယဉ်းသည် မှန်သော်လည်း ချက်ကောင်း တွေ့သောအခါ၌ တစ် ချက် နှစ်ချက်မျှနှင့် ပြန်ရနိုင်သောကြောင့် ဖြစ်လေ သည်။ ဦးသိန်းဟန်သည် လာဘ်ယူခြင်း၌ အလွန်ရဲရင့် သည် မှန်၏။ သို့ရာတွင် ပါးနပ်သူတစ်ယောက်ဖြစ် သည်အတိုင်း မိမိတစ်ကိုယ်တည်း မသိမ်းယူဘဲ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၃ ]

စက်ပိုင် ဦးထွန်းငွေသည် မောင်ချစ်ဆွေကို မွေးစား ရာ၌ မယား၏ ဩဇာကို မလွန်ဆန်ဝံ့သောကြောင့် သာလျှင် ပြုရခြင်း ဖြစ်လေသည်။ အကြောင်းကိုဆို သော် ဦးထွန်းငွေသည် ကြေးငွေကို အလွန်တရာ နှမြောစုံမက်တတ်သော လူတစ်ယောက်ဖြစ်ရသည် အတွင်း မောင်ချစ်ဆွေကလည်း အတော်ပင် အသုံး အစွဲ ကြီးခဲ့၏။ ကောလိပ်ကျောင်း၌ ထားစဉ်အခါက တစ်လလျှင် ၁၅၀ ကျပ်ငွေနှင့် မလောက်သဖြင့် ကြွေးများကို မကြာခဏ ဆပ်ရခြင်း၊ အဖိုးထိုက် တန်သော အဝတ်အစားများကို ဦးထွန်းငွေ နာမည် နှင့် စာတိုက်မှ မှာယူ၍ မကြာမကြာ ရွေးယူရခြင်း၊ ယခုပင် မော်တော်ဆိုင်ကယ်၊ တော်တော်ကြာလျှင် တူးဆီတာကား စသည်ဖြင့် ဝယ်ပေးရခြင်း စသော





ငွေကုန်ဖွယ်ရာ နည်းလမ်း အမျိုးမျိုးတို့ကို ပြုလုပ် တတ်သော မောင်ချစ်ဆွေသည် ကြေးငွေမှုနှင့် ပတ်သက်၍ ဦးလေးဖြစ်သူအား မကြာခဏ ဒုက္ခ ပေးတတ်၏။ ဒေါ်ခင်ကျော့မှာ အနည်းငယ်မျှသော ငွေဆိုလျှင် လင်ယောက်ျား မသိအောင် လက်သိပ် ထိုး၍ ပေးတတ်သော်လည်း ကိုယ်တိုင် ငွေကိုင် ရသည် မဟုတ်သောကြောင့် နေရာတိုင်း၌ လင် ယောက်ျားမသိအောင် မတတ်နိုင်ချေ။ သို့ရာတွင် ဦးထွန်းငွေက မောင်ချစ်ဆွေအား မြည်တွန်တောက် တီးသောအခါ၌မူ တူဖြစ်သောဘက်က အမြဲလိုက်၍ ခုခံလေရကား၊ ဦးထွန်းငွေမှာ ဦးခေါင်းကိုသာ ကုတ် လျက် စိတ်အိုက်ကာ ရှိနေလေ၏။

သို့ဖြစ်သောကြောင့် မောင်ချစ်ဆွေသည် ဥစ္စာ ကြွယ်ဝသော ဝန်ကြီး၏သမီး ခင်မြကြီးနှင့် လက် ထပ်တော့မည်ဟု သိရသောအခါ၌ကား၊ တစ်ခါဖြင့် ဝန်ကျ ချေတော့မည်ဟု များစွာ ဝမ်းသာလျက် ရှိ၏။

ထိုည၌ မောင်ချစ်ဆွေသည် ဦးလေးထံမှ ငွေ ၅၀ ကျပ် တောင်းအံ့ ဟု ၎င်း၏အခန်းသို့ ဝင်သွား သောအခါ၌ ခင်မြကြီးနှင့် မောင်ချစ်ဆွေတို့ လက် ထပ်မည့် ကိစ္စပြီးပြတ်သွားကြောင်းကို မသိရသေး သောကြောင့် မောင်ချစ်ဆွေအပေါ်၌ အလွန်တရာ မျက်နှာချိုလျက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သောကြောင့် မောင်ချစ်ဆွေက ငွေ ၅၀ လောက် သုံးဖို့ ပေးပါမည်အကြောင်းနှင့် တောင်းခံသောအခါ 'ပေးရမယ် လူကလေး ပေးရမယ်၊ လူငယ်ဆိုတာ တစ်ခါတစ်ခါတော့လည်း သုံးချင်စွဲချင်ပေမှာပေါ့၊ ရော့ ...ရော့'ဟု ပြောလျက် မီးခံငွေသေတ္တာကလေးထဲမှ ငွေစက္ကူ ဆယ်တန်ငါးချပ်ကို သွက်သွက်လက်လက် ထုတ်ပေးလေ၏။ မောင်ချစ်ဆွေသည် ငွေစက္ကူများကို ယူ၍ ထွက်သွားပြီးလျှင် မောင်ဘထွန်းကို ရှာဖွေရာ ရတ်တရက် မတွေ့သည်နှင့် အိမ်ရှေ့ဝရန်တာတွင် မောင်တင်မြင့်နှင့် စကားပြောနေလေ၏။

ဦးထွန်းငွေသည် မိမိ၏အခန်းတွင်းမှ ထွက်လာ၍ ဒေါ်ခင်ကျော့တို့ရှိရာ ပွဲခင်းသို့ သွားမည်အပြုတွင် လှေကားပေါ်၌ ခင်မြကြီးနှင့် တွေ့လေ၏။ ဦးထွန်းငွေသည် ခင်မြကြီးအား တူမတစ်ယောက်ကဲ့သို့ ယခုကပင် သဘောထားနေသည့်အမူအရာနှင့် ခင်မြကြီး၏ ကျောကို ပုတ်ကာ...

ငွေ။ ။'ဘာလဲ တူမကြီး၊ ပျာယီးပျာယာနဲ့ ဘယ်သူ့ လိုက်ရှာနေသလဲ၊ မောင်ချစ်ဆွေကို ရှာနေသလား၊ အခုပဲ ဒီက ထွက်သွားတယ်၊ တစ်ယောက်တစ်ယောက် မခွဲနိုင်ကြဘူး မှတ်တယ်' ဟု ပြုံးရယ်ကာ ပြောသောအခါ...





မြ။ ။'ဦးက ကျွန်မတို့အကြောင်းကို မသိသေးဘူး မှတ်တယ်၊ ကျွန်မနဲ့ ကိုချစ်ဆွေနဲ့ ဘာမှ မဟုတ်ကြဘူး ဦးရဲ့'

ငွေ။ ။'ဘယ့်နှယ်'

မြ။ ။'တစ်နေ့ကဟာ အကုန်ပျက်ကုန်ပြီ ဦးရဲ့၊ အပြစ်တင်လျှင် ကျွန်မကို တင်ပါ၊ ကျွန်မက စပြီး ဖျက်ပါပေတယ်'

ငွေ။ ။(မျက်နှာထားပုတ်စွာနှင့်) 'ဘယ်တုန်းက ဖျက်ကြသလဲ...'

မြ။ ။'ဒီကနေ့ ညနေကပဲ'

ငွေ။ ။'သယ်...တယ်လာတဲ့ အကောင်၊ ဒါနဲ့များ ငါ့ကို ငွေလိမ်တောင်းသေးတယ်' ဟု ပြော၍ အစေခံတစ်ယောက်အား မောင်ချစ်ဆွေခေါ်ခဲ့ရန် အမိန့်ပေးပြီးလျှင် ခင်မြကြီးကို နှုတ်မဆက်ဘဲ အခန်းတွင်းသို့ ပြန်ဝင်သွားလေ၏။

မောင်ချစ်ဆွေလည်း အဖြစ်အပျက်ကို မသိသေးသည်နှင့် ခပ်ရွှင်ရွှင် မျက်နှာထားနှင့် ဝင်လာရာ ဦးထွန်းငွေ၏ မျက်နှာထားကို မြင်သည်နှင့် တစ်ပြိုင်နက် မျက်နှာသေကလေးနှင့် ရှိနေ၏။

ငွေ။ ။'တံခါးပိတ်လိုက်ပါ'

မောင်ချစ်ဆွေလည်း ခိုင်းသည်အတိုင်း ပြုပြီးနောက် မှန်တင်ခုံကို မှီကာ ရပ်နေလေ၏။

ငွေ။ ။'ကိုင်း...ပြောစမ်း' ဟု ပြော၍ အကျီ



www.burmeseclassic.com

www.burmeseclassic.com


အိတ်၌ လက်နှိုက်ကာ ခြေထောက်များကို ကားကား ကြီး ရပ်လျက်ရှိ၏။

ဆွေ။ ။'ကျွန်တော့် အပြစ်မဟုတ်ပါဘူး ဦးလေးရယ်၊ ခင်မြကြီးက...'

ငွေ။ ။'ဒီအကြောင်းကို ငါသိပြီးပြီ မပြောနဲ့တော့၊ ငါ သိချင်တာက ငွေမတောင်းမီက ဒီ အကြောင်းကို ဘာကြောင့် ငါ့ကို မပြောသလဲ'

ဆွေ။ ။'ကျွန်တော်က ပြောမလို့ဟာ၊ ပြော ခွင့်မရလို့ပါ ဦးလေးရယ်'

ငွေ။ ။'ငွေ ၅၀ ကျပ်ကို ဘယ်အတွက် တောင်းသလဲ'

ဆွေ။ ။'ကိစ္စရှိလို့ပါ ဦးလေးရယ်'

ငွေ။ ။'ဘာကိစ္စလဲ'

ဆွေ။ ။'သူများကြွေး ပေးစရာရှိလို့ပါ'

ငွေ။ ။'ဘယ်နည်းနဲ့ ဒီကြွေးတင်ရသလဲ'

မောင်ချစ်ဆွေသည် မပြောဘဲနေ၏။

ငွေ။ ။'မင်း ကစားသလား'

ဆိတ်ဆိတ်ပင် နေသေး၏။

ငွေ။ ။'ဟုတ်ပြီ... ဘာမှ ပြန်မပြောက တည်းက ငါ တွေးတဲ့အတိုင်း ဟုတ်ပြီ၊ ဒီငွေကို ငါ့ဆီက တောင်းချင်လို့ ဟိုအကြောင်းကို တမင် ကွယ်ဝှက်ပြီး ထားတယ် ...ဟုတ်စ'

ဖူးပွင့်ဝေဝေစာအုပ်တိုက်

မောင်ချစ်ဆွေသည် ပြောမည်ဟု ပါးစပ် ပြင်ပြီး မှ ဘာမျှ မပြောဘဲနေ၏။

ငွေ။ ။'ကိုင်း...ရှိစေ၊ ငါ့ငွေကို ငါ့ ပြန်ပေး၊ မင့်ဆီမှာ မရှိရင် သွားယူချေ'

မောင်ချစ်ဆွေမှာ မိမိ၏ဦးလေးသည် မိမိအား ကြိမ်းမောင်း မြည်တွန်လိမ့်မည်ဟု ပြင်ဆင်ပြီးဖြစ် သော်လည်း ထိုကဲ့သို့ ငွေကို ပြန်တောင်းလိမ့်မည်ဟု မထင်မိသောကြောင့် အံ့အားသင့်လျက်ရှိ၏။

ဆွေ။ ။'ကျွန်တော် ပြောပါရစေ ဦးလေး ရယ်'

ဦးထွန်းငွေသည် မည်သို့မျှ နှုတ်က မပြောဘဲ မျက်လုံးကို ပြူး၍ ပြလိုက်ရာ မောင်ချစ်ဆွေသည် ငွေစက္ကူများကို အိတ်တွင်းမှ ထုတ်၍ ပေးရလေ၏။ ဦးထွန်းငွေသည် ငွေစက္ကူများကို လောဘတကြီးနှင့် လှမ်းယူ၍ မှန်တင်စားပွဲ အံဆွဲအတွင်းသို့ ထည့်ပြီးမှ သော့ခတ်ပြီးနောက် အခန်းပြင်သို့ ထွက်သွားလေရာ မောင်ချစ်ဆွေလည်း ကုတ်ကုတ်ကလေး ထွက်သွား လေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မြင့်တောင် ဟိုနေ့က မြင်လိုက်သေးတယ်၊ ဘယ့်နှယ်လဲ တော်တော်နိပ်တယ် မဟုတ်လားဗျာ'

မောင်တင်မြင့်က ချစ်ခင်ဖွယ်ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်ပေကြောင်းနှင့် ထောက်ခံ ပြော၏။

ဆွေ။ ။'သူကသာ ကျွန်တော့်ကို ယူမယ်ဆိုလျှင် ကျွန်တော်ကဖြင့် သူက လွဲလို့ ဘယ်သူ့မှ မယူဘူးဗျ၊ ဘယ်သူတိုက်တွန်းလို့ ဘာကြီး ဖြစ်နေကြ နေကြ၊ မခင်ညွန့်ဆိုလျှင် မခင်ညွန့်မှပဲ ကျွန်တော် ယူတော့မယ်'

ငွေ။ ။'ကိုယ့် အခြေအနေကိုလည်း ကိုယ် ပြန်ကြည့်ရဦးမယ်...ငါ့တူရဲ့'

ဆွေ။ ။'ဘာအခြေအနေလဲ၊ မခင်ညွန့်နဲ့ ကျွန်တော်နဲ့ ဘယ်သူက အခြေအနေ ကြီးကျယ်ချင်သေးသလဲ၊ ကျွန်တော်က အရေးပိုင်သား၊ သူ့ အဖေကလည်း သစ်တောဝန်ပဲ၊ သူက ကျွန်တော့်လို တောင် တစ်ကောင်ကြွက် မဟုတ်ဘူး၊ သူ့မောင်တွေက ဝတ်လုံတွေချည်းပဲ'

ဦးထွန်းငွေသည် ထက်ထက်သန်သန်ကြီး မဟုတ်ဘဲ မရဲတရဲသာလျှင် ငြင်းဆန်နိုင်တော့၏။ သို့ဖြစ်၍ မောင်ချစ်ဆွေက ဆက်လက်၍...

ဆွေ။ ။'ကိုင်း ...... နောက်ဆုံးစကား ကျွန်တော်ပြောမယ်၊ ခင်ဗျား စိန်တုတွေအကြောင်း





ကို ဒေါ်ဒေါ် မသိစေချင်လျှင် ငွေကလေး သုံးလေးထောင်လောက် အကုန်ခံပြီး ကျွန်တော့်ဖို့ အလုပ်တစ်ခုခု ရအောင် ရှာပေး၊ အလုပ်ရတဲ့ အခါမှာ ရန်ကုန်က မခင်ညွန့်နဲ့ တောင်းပေး၊ အဲဒါပဲ ဒီလိုမှ လုပ်မပေးလျှင် ဒေါ်ဒေါ့်ကို ခင်ဗျား စိန်တုတွေ အကြောင်း ကျွန်တော် ပြောလိုက်မယ် ဒါပဲ'

ငွေ။ ။'ဖြစ်နိုင်ပါမလား ငါ့တူရယ်'

မြင့်။ ။'ဒီတစ်ခါတော့ဖြင့် အတင်းအဓမ္မ လုပ်နေတော့တာပဲ၊ သို့သော် ကျွန်တော်က စပ်ကြားက ဝင်ပြီး အကြံပေးရမှာဖြင့် သူ တောင်းဆိုချက်တွေဟာ မလွန်လှပေဘူး ကျွန်တော် ထင်တယ်၊ ဒီတော့ကာ သူ ကျေနပ်အောင် လုပ်ပေးလိုက်လျှင်၊ ကျွန်တော်ဆိုတာတော့ နှုတ်လုံပါတယ်၊ စိတ်ချပါ နှုတ်ပိတ်ခတွေ ဘာတွေတောင် ကျွန်တော် မတောင်းတော့ဘူး...'

ငွေ။ ။'မောင့်အတွက်တော့...'

ဆွေ။ ။'ကိုတင်မြင့်အတွက်တော့ ရှိပါစေ၊ ခင်ဗျာ့အပူ မဟုတ်ပါဘူး၊ ဒီလူက လူကောင်းပါ၊ ဒီလိုလူမျိုးတွေ လောကမှာ များများရှိလျှင် ကောင်းဖို့ပဲ၊ ဒါထက် ဦးလေးပစ္စည်းကို သူ မယူဘူးဆိုတာ မှန်တယ်၊ ကျွန်တော်ကိုယ်တိုင် သိတယ်၊ ကိုင်း ...ဒီတော့ ကျွန်တော့် စကားကိုသာ ဖြေပါတော့ ဘယ့်နှယ်လဲ'



www.burmeseclassic.com

